# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပြည်သူသို့အစီရင်ခံစာ

## ရခိုင်ပြည်နယ်၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှု



ကညင်ချောင်းစီးပွားရေးဇုန်စီမံကိန်း

မောင်တောမြို့၊ ကညင်ချောင်းစီးပွားရေးဇုန် A (၄၉.၅၈ ဧက) တည်ဆောက်ခြင်းလုပ်ငန်းပြီးစီးမှု - (၉၂.၂၂ %)



ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း

ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း မူဘောင်သဘောတူညီချက်ကို (၇-၁၁-၂၀၁၉)ရက်နေ့တွင် သက်တမ်းတိုးမြှင့် လက်မှတ်ရေးထိုးခဲ့ပါသည်။

| | ထပ်တိုး | | ဆောင်ရွက်လျက်ရှိ | | စုစုပေါင်း |
|---|---|---|---|---|---|
| မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | ၂ | + | ၂၅ | = | ၂၇ |
| နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း | ၂ | + | ၂၈ | = | ၃၀ |

မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ထပ်တိုးလုပ်ငန်း(၂)ခု - အဆင့်မြင့်ဆန်ဖြူကြိတ်ခွဲထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်း

နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု ထပ်တိုးလုပ်ငန်း(၂)ခု - ကြက်/ဝက်မွေးမြူရေးနှင့် တိရစ္ဆာန်အစာထုတ်လုပ်ခြင်းလုပ်ငန်း၊ သဘာဝဓာတ်ငွေ့မှ (၁၅၀)မဂ္ဂါဝပ် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း

| | |
|---|---|
| ရခိုင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကြီးကြပ်ရေးအဖွဲ့မှ ပကတိဖြစ်ပေါ်လျက်ရှိသည့် မြေပြင်လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုသိရှိနိုင်ရန် ကွင်းဆင်းစစ်ဆေး | အင်းပေါက်ဝကုမ္ပဏီနှင့် Bagan Thande Hotel Co.Ltd. |
| မှတ်ပုံတင်ဆောင်ရွက်ပေးနိုင်ခဲ့သော ဒေသခံကုမ္ပဏီ | (၄၈) ခု |
| အသေးစား+အလတ်စားလုပ်ငန်းရှင်များသို့ ချေးငွေရရှိမှု လွယ်ကူစေရန် လုပ်ငန်းရှင်ထောက်ခံချက်ထုတ်ပေးမှု | (၁၁) ဦး |



ရခိုင်ပြည်နယ်ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၏ (၃/၂၀၁၉)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၂၉-၉-၂၀၁၉)ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရခိုင်ဇုန်)နှင့် ပူးပေါင်း၍ ငပလီကမ်းခြေဆောင်းဦးပွဲတော်ကို (၂၀-၁၀-၂၀၁၉) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



Online Hotel Guest List Management System သင်တန်းများကို (၂၂-၁၀-၂၀၁၉)ရက်နေ့တွင် ကျောက်ဖြူမြို့၌လည်းကောင်း၊ (၂၄-၁၀-၂၀၁၉) ရက်နေ့တွင် စစ်တွေမြို့၌လည်းကောင်း ပို့ချခဲ့ပါသည်။

## အလုပ်သမားမှတ်ပုံတင်ခြင်း

| | | | |
|---|---|---|---|
| မှတ်ပုံတင်ခြင်း | ကျား(၁၂၀၈)ဦး | မ (၈၈၄)ဦး | စုစုပေါင်း (၂၀၉၂)ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၂၀၂)ဦး | မ (၁၃၆)ဦး | စုစုပေါင်း (၃၃၈) ဦး |
| Mobile Team ဖြင့် မှတ်ပုံတင်ခြင်း | ကျား(၃၉)ဦး | မ(၂၅)ဦး | စုစုပေါင်း (၆၄) ဦး |
| အလုပ်အကိုင်ရရှိ | ကျား(၃၆)ဦး | မ(၁၇)ဦး | စုစုပေါင်း (၅၃) ဦး |

## သင်တန်းဖွင့်လှစ်ဆောင်ရွက်မှု


အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်းသင်တန်း အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဖြူ)


ရပ်ရွာအခြေပြု စက်ချုပ်သင်တန်း (စစ်တွေမြို့၊ သက်ကယ်ပြင် Camp)


စီးပွားရေးအမြင်ဖွင့်သင်တန်း (TOT) (စစ်တွေမြို့)

| ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသောအသက်မွေးဝမ်းကျောင်းသင်တန်း | | အမျိုးသမီးဦးစားပေး အသက်မွေးဝမ်းကျောင်းသင်တန်း | | ငွေကြေး/စီးပွားရေးပညာပေးသင်တန်း | |
|---|---|---|---|---|---|
| (၂၆)ကြိမ် | (၇၄၂) ဦး | (၂၇)ကြိမ် | (၅၆၄) ဦး | (၂)ကြိမ် | (၄၂) ဦး |
| - လျှပ်စစ်သွယ်တန်းသင်တန်း<br>- ကွန်ပျူတာသင်တန်း<br>- လျှပ်စစ်ပစ္စည်းပြုပြင်ထိန်းသိမ်းခြင်း သင်တန်း<br>- ဝါးလက်မှုသင်တန်း<br>- ရေပိုက်ပြုပြင်သွယ်တန်းခြင်းသင်တန်း<br>- မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်း နည်းသင်တန်း<br>- ဂေဟစနစ်အား အခြေခံသည့်ရေသတ္တဝါ မွေးမြူရေးစီမံခန့်ခွဲမှု သင်တန်း<br>- ပန်းရံ(အုတ်စီ)သင်တန်း<br>- ခေါင်းလျှော်ရည်၊ ဆပ်ပြာ၊ ဖယောင်း တိုင်ထုတ်လုပ်မှုသင်တန်း<br>- တစ်လုံးထိုးအင်ဂျင်ပြုပြင်ထိန်းသိမ်း ခြင်းသင်တန်း | | - စက်ချုပ်သင်တန်း<br>- တန်ဖိုးမြင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း<br>- ဖန်စီလက်မှုထည်ထုတ်လုပ်နည်း ပညာသင်တန်း<br>- ဝါးလက်မှုသင်တန်း<br>- လက်ရက်ကန်းအထည်ဒီဇိုင်း နည်းပညာသင်တန်း<br>- သဘာဝဆိုးဆေးနည်းပညာသင်တန်း<br>- လူသုံးကုန်နှင့်အလှကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း | | - စီးပွားရေးအမြင်ဖွင့်သင်တန်း(TOT) | |

မြန်မာနိုင်ငံအလုပ်သမားများ ကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skill Standard Authority-NSSA) အသိအမှတ်ပြုလက်မှတ်ရယူရန် ဘက်စုံသက်မွေးသင်တန်းကျောင်း(စစ်တွေ)တွင် အဲကွန်း တပ်ဆင်ခြင်းသင်တန်းနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းသင်တန်းတို့ကို NSSA Inspection Team မှ စစ်ဆေးခဲ့ပါသည်။

## လမ်းပန်းဆက်သွယ်ရေး

| ရာနှုန်းပြည့်ဆောင်ရွက်ပြီးတံတား (၁၀) စင်း |
|---|
| ကျောက်တန်းတံတား |
| မဃုမ်းချောင်းတံတား |
| စအင်းတံတား |
| စစ်ကဲတော်အုပ်တံတား |
| ရွှေတုံးတံတား |
| နံတော်တောင်တံတား |
| ကြိမ်ချောင်း-ဂုပ္ပိလမ်းပေါ်ရှိ တံတားအမှတ်(၁)၊ (၂) |
| ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်းပေါ်ရှိ တံတားအမှတ် (၁)၊ (၂) |

**ဆောင်ရွက်ဆဲတံတား (၃၇) စင်း ပျမ်းမျှ(၄၈ %) ပြီးစီး**

ပြွန်ရှည်၊ ခရမ်းချောင်း၊ လုံးချောင်း၊ ရှူးချောင်း၊ မြောင်းဘွေ၊ ရာမောင်၊ ခရုချောင်း၊ တောင်ရှောက်ချောင်း၊ ရွာချောင်းကြီး၊ ငပြီကြီး၊ ကာမေချောင်း၊ ကင်းချောင်း၊ ကျောက်ပါးစပ်၊ တောန်ပျင်း၊ ပန်းခြံချောင်း၊ ကျီချောင်း၊ ဆိပ်နားပြင်၊ ဝချောင်း၊ ကျောက်တွေ၊ ကျွဲကူး၊ မင်းတက်ချောင်း၊ ဒေါ်ရထချောင်း၊ ကွန်တိုင်၊ ကြိမ်ချောင်း-ဂုပ္ပိလမ်းတံတားအမှတ်(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ စေတီတောင်၊ မကျည်းချောင်း၊ ကျောက်ပန္နူ-အင်းဒင်-စေတီပြင်လမ်း တံတားအမှတ်(၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)။ (တံတားသစ် ၇ စင်းအပါအဝင်)

### မေယုတောင်ကျော်(၄)လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ

| စဉ် | မြို့နယ် | ဆောင်ရွက်မည့်လုပ်ငန်း | လမ်းပြီးစီးမှု ရာခိုင်နှုန်း | တံတားပြီးစီးမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | မောင်တော | ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း | ၃၅ % | ၂၀ % |
| ၂ | မောင်တော/ဘူးသီးတောင် | ဥဒေါင်း-ညောင်ချောင်းတောင်ကျော်လမ်း | - | ၂၅ % |
| ၃ | မောင်တော | သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်း | ၃၀ % | ၂၀ % |
| ၄ | မောင်တော | ကျောက်ပန္နူ-အင်းဒင်-စေတီပြင်တောင်ကျော်လမ်း | ၅၅ % | - |

### ဆောင်ရွက်ဆဲလမ်းများ

- မင်းဘူး-အမ်း-စစ်တွေလမ်း
- တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း
- တောင်ကုတ်-သံတွဲလမ်း
- သံတွဲ-ငပလီ-လုံးသာလမ်း
- ကျောက်တော်-ပလက်ဝလမ်း
- ဘူးသီးတောင်-မောင်တောလမ်း

## ပို့ဆောင်ရေးကဏ္ဍ

### လေကြောင်းသယ်ယူပို့ဆောင်ရေး





ရခိုင်ပြည်နယ်ခရီးစဉ်များကို ပြည်တွင်းခရီးစဉ်အားလုံး၏ (၁၅.၁၉%) ပျံသန်းပို့ဆောင်ပေးနိုင်ခဲ့ပါသည်။

| ယခင် | ယခု (၁၁-၁၁-၂၀၁၉)နေ့မှစ၍ |
|---|---|
| ရက်သတ္တပတ်လျှင်(၃)ရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) | ရက်သတ္တပတ်လျှင်(၅)ရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ) |

ရန်ကုန်-မာန်အောင် ကျောက်ဖြူနှင့် စစ်တွေခရီးစဉ်များကို ပျံသန်းပြေးဆွဲလျက်ရှိပါသည်။

| စဉ် | လုပ်ငန်းအမည် | ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|---|
| ၁ | စစ်တွေလေဆိပ်မီးသတ်အဆောက်အဦ (၃၆ x ၄၀ x ၁၅.၅)ပေ သံကူကွန်ကရစ် (၁)ထပ် အဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်း | ငွေကျပ်(၄၀.၀၀) သန်း | တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိ |
| ၂ | သံတွဲလေဆိပ် လေယာဉ်ပြေးလမ်း (၈၅၀၀ x ၁၀၀)ပေအား အကျယ် (၁၅၀)ပေ တိုးချဲ့ရန် ကျောက်ကတ္တရာလုပ်ငန်း | ငွေကျပ်(၄၂၅၀.၀၀)သန်း | (၁၅-၁၀-၂၀၁၉)ရက်နေ့တွင် တင်ဒါခေါ်ယူခဲ့ပြီး လုပ်ငန်းများ ဆက်လက် ဆောင်ရွက်လျက်ရှိ |

## ရခိုင်ပြည်နယ်အတွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးဆောင်ရွက်မှုအခြေအနေ



## မီးရထားသယ်ယူပို့ဆောင်ရေး

- ကွမ်းတောင်-ကျောက်တော်လမ်းပိုင်းတွင် သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး၊ ပြည်တော်သာ-ရေချမ်းပြင်လမ်းပိုင်း သံလမ်းနှင့် တာပေါင်ပြုပြင်ခြင်းလုပ်ငန်း ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## တယ်လီဖုန်း၊ အင်တာနက်နှင့် ဆက်သွယ်ရေးကဏ္ဍ


| | |
|---|---|
| မိုဘိုင်းရေဒီယိုစခန်းတိုးချဲ့တည်ဆောက်နိုင်မှု | (၃၂)ခု |
| Fibre Optic Cable တိုးချဲ့ဆောင်ရွက်မှု | (၇၆၇.၅၅) Km |

## လျှပ်စစ်ကဏ္ဍ



စစ်တွေ ဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင် ဆောင်ရွက်ပြီးစီးခြင်း





- ယခုအစီရင်ခံသည့်ကာလအထိ ရခိုင်ပြည်နယ်ရှိ မြို့(၂၂)မြို့မှ အိမ်ထောင်စု (၁၅၁၆၈၆)စုကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးခဲ့နိုင်သဖြင့် ရခိုင်ပြည်နယ်၏ (၇၀.၀၁ %) လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ပြီဖြစ်ပါသည်။

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၁ | ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-စစ်တွေဓာတ်အားလိုင်းပေါ်မှ ဆတ်ရိုးကျပေါ်သို့ (၀.၆)မိုင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ဆတ်ရိုးကျဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း | (၂၅-၉-၂၀၁၉)ရက်နေ့တွင် ဆောင်ရွက်ပြီးစီးပြီဖြစ် |
| ၂ | ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ စစ်တွေဓာတ်အားခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်း | (၃၀-၉-၂၀၁၉) ရက်နေ့တွင်ပြီးစီးပြီဖြစ် |
| ၃ | စစ်တွေမြို့၊ ဆတ်ရိုးကျကျေးရွာအပါအဝင် ကျေးရွာ(၁၄)ရွာ ဓာတ်အားပေးရန် ၆၆/၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေဓာတ်အား ခွဲရုံ တည်ဆောက်ခြင်း၊ ၆၆ ကေဗွီ Double Circuit လိုင်း ၀.၆ မိုင်လုပ်ငန်း | (၈-၁၀-၂၀၁၉)ရက်နေ့မှ စ၍ ဓာတ်အားပို့လွှတ်နေပြီဖြစ် |
| ၄ | ကျောက်တော်မြို့ ခေါင်းတုတ်(ပလောင်)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၀.၅)မိုင်၊ (၄၀၀)ဗို့ ဓာတ်အားလိုင်း(၁)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၁)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်းလုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့တွင် ဓာတ်အားရရှိပြီးဖြစ် |

| စဉ် | လုပ်ငန်းအမည် | ဆောင်ရွက်ပြီးစီးမှု |
|---|---|---|
| ၅ | ကျောက်တော်မြို့ ခေါင်းတုတ်(ကုလား)ကျေးရွာတွင် ၁၁ ကေဗွီ ဓာတ်အားလိုင်း (၁.၂)မိုင်၊ (၄၀၀) ဗို့ ဓာတ်အားလိုင်း(၂)မိုင်၊ ၁၁/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ (၂)လုံး၊ လိုင်းခွဲ D/S တစ်စုံ တပ်ဆင်တည်ဆောက်ခြင်း လုပ်ငန်း | (၂-၁၁-၂၀၁၉)ရက်နေ့ တွင်ဓာတ်အားရရှိပြီးဖြစ် |
| ၆ | - အမ်းမြို့နယ်၊ ကဇုကိုင်းကျေးရွာအပါအဝင် ကျေးရွာ(၅၃)ရွာ ဓာတ်အားပေးနိုင်ရန် ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်းလုပ်ငန်း<br>- ၃၃ ကေဗွီလိုင်း ၄.၅ ၁ မိုင်လုပ်ငန်း | ပစ္စည်းများရောက်ရှိနေပြီဖြစ်<br><br>တင်ဒါစိစစ်ပြီးဖြစ် |
| ၇ | ကြိမ်ချောင်းကျေးရွာအပါအဝင် ကျေးရွာ(၁၇)ရွာဓာတ်အားပေး ရန်<br>- ၆၆/၃၃ ကေဗွီ ၁၀ အမ်ဗွီအေ၊ ၆၆/၁၁ ကေဗွီ ၅ အမ်ဗွီအေ မောင်တောခွဲရုံတွင် Switch Bay Extension<br><br>- အခြားမြို့ပြလုပ်ငန်းများ<br>- ၆၆ ကေဗွီလိုင်း ၂၀.၄ မိုင်<br>- ၁၁ ကေဗွီလိုင်း ၃၉ မိုင်<br>- ၄၀၀ ဗို့လိုင်း ၁၆.၅ မိုင်<br>- ၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ Transformer ၂၂ လုံးတည်ဆောက်ခြင်း | (၂၃-၁၂-၂၀၁၉)ရက်နေ့နှင့် (၂၅-၁၂-၂၀၁၉)ရက်နေ့တို့ တွင် ထရန်စဖော်မာအထိုင်ချခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ<br>၁၀၀ %<br>၁၈ %<br>၁၀၀ %<br>၁၀၀ %<br>၁၀၀ % |

## ဆိုလာစနစ်ဖြင့်မီးလင်းရေးဆောင်ရွက်နိုင်မှု



မာန်အောင်မြို့ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ် ဓာတ်အားပေး စက်ရုံဖွင့်လှစ်ခြင်း




- မာန်အောင်မြို့ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ (၁၃-၁၁-၂၀၁၉) ရက်နေ့ တွင် ဓာတ်အားစတင်ဖြန့်ဖြူးပေးနေပြီး (၁၉-၁၂-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။
- ကျေးလက်မီးလင်းရေး (NEP) စီမံကိန်းဖြင့် (၁၆)မြို့နယ်ရှိ ကျေးရွာ(၂၄၆) ရွာတွင် တစ်အိမ်သုံး ဆိုလာ(၁၅၆၂)ခုကို တပ်ဆင်ခြင်းလုပ်ငန်း(၆၆) % ပြီးစီးနေပြီ ဖြစ်ပါသည်။

## အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး

စစ်တွေ၊ ရသေ့တောင်၊ မြေပုံ၊ သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်နှင့် ရမ်းဗြဲမြို့နယ်(၁၂)မြို့နယ်ရှိကျေးရွာ(၃၀)ရွာတွင် ကျေးလက်အိမ်ရာ (၃၀၀)လုံး တည်ဆောက်ခြင်းလုပ်ငန်းသည် အစီရင်ခံသည့်ကာလအတွင်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပါသည်။

## ရေရရှိရေး

ကျေးလက်ဒေသ
ရေရရှိရေးလုပ်ငန်း(၂၃)ခု
ဆောင်ရွက်ပြီးစီးမှု




## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကဏ္ဍပေါင်းစုံပါဝင်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မှုအနေဖြင့် မြို့နယ်(၁၂)မြို့နယ်ရှိ ကျေးရွာ(၁၄၁)ရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ(၁၀၀ %) ဆောင်ရွက်ပြီး ဖြစ်ပြီး ထပ်တိုးကျေးရွာ(၈)ရွာတွင် လမ်းတံတား(၇)ခု၊ ရေပေးရေးလုပ်ငန်း(၁)ခု၊ စုစုပေါင်း ဖွံ့ဖြိုးရေးလုပ်ငန်း(၈)ခုကို ယခင်ကာလက(၅၈ %) ဆောင်ရွက်ခဲ့ပြီး ယခုအစီရင်ခံသည့်ကာလတွင်(၁၀၀ %) ဆောင်ရွက်ပြီးဖြစ်ပါသည်။

## လူထုဗဟိုပြုစီမံကိန်း

ကမ္ဘာ့ဘဏ်၏ အကူအညီအထောက်အပံ့ဖြင့် လူထုဗဟိုပြုစီမံကိန်း ဆောင်ရွက်ခြင်း



ဥမြို့နယ် ရဟိုင်ကူးတို့ကျေးရွာအုပ်စု၊ ရဟိုင်ကွင်းကျေးရွာ ရွာတွင်းကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု



ပုဏ္ဏားကျွန်းမြို့နယ်အလယ်ချောင်းကျေးရွာအုပ်စု၊ မြစ်နာပြင်ကျေးရွာ ရွာတွင်းကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု

ဥမြို့နယ်ရှိ ကျေးရွာအုပ်စု(၉)အုပ်စု၊ ကျေးရွာ(၁၄)ရွာ → လမ်းတံတား(၁၀)ခု၊ စာသင်ကျောင်း(၃) ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်းလုပ်ငန်း(၁၄)ခု ဆောင်ရွက်ပြီးစီးခဲ့


ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကျေးရွာအုပ်စု (၄)အုပ်စု၊ ကျေးရွာ(၆)ရွာ → လမ်းတံတား(၅)ခုနှင့် ရေပေးရေး (၁)ခု စုစုပေါင်း လုပ်ငန်း(၆)ခု ဆောင်ရွက်ပြီးစီးခဲ့

## စက်ပစ္စည်းများအစားထိုးသုံးစွဲခြင်း

စက်ယန္တရားများဖြင့် ဆောင်ရွက်ပေးခဲ့သည့် ထွန်ယက်၊ ရိတ်သိမ်းမှုများမှာ –

- ထွန်ယက်ခြင်း – (၃၅၁၈) ဧကလွှာ
- ရိတ်သိမ်းခြွေလှေ့ခြင်း – (၃၁၆၀) ဧကလွှာ

တောင်သူများသို့ လက်တွန်းထွန်စက်၊ ခြွေလှေ့စက်၊ ထော်လာဂျီများကို ဝယ်ယူရန်အတွက် အရစ်ကျငွေချေစနစ်ဖြင့် ငွေကျပ် (၉၅.၆၅၅)သန်း ငွေထုတ်ချေးနိုင်ခဲ့ပါသည်။



## အရည်အသွေးပြည့်မီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးခြင်း

### မျိုးစေ့ထုတ်စိုက်ခင်း

မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်း (၁၄)ကေ၊ ဆောင်းမြေပဲ(၁၁၅)ကေနှင့် ပဲတီစိမ်း(၅)ကေ၊

### မျိုးသန့်စိုက်ပျိုးရေးဇုန်များထူထောင်ခြင်း

မိုးစပါး (၁၀၀) ကေ၊ ဟင်းသီးဟင်းရွက် (၄၈၃)ကေ၊ မြေပဲ(၁၁၃၃)ကေ၊ ဘိုကိတ်(၁၃၀)ကေ၊ မတ်ပဲ(၁၁၄၅)ကေနှင့် ပဲတီစိမ်း(၃၀)ကေ

### မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များဖြန့်ဖြူးခြင်း

မိုးစပါး(၁၁၀၀.၂၅)တင်း၊ မတ်ပဲ(၁၀၂)တင်း၊ ပဲတီစိမ်း၊ (၅၉)တင်း၊ မြေပဲ(၁၅၂၀)တင်း၊ နွေစပါး (၁၇.၅၀)တင်း၊ ဘိုကိတ်(၇၀.၅)တင်း၊ နေကြာ(၁၆.၉)တင်း၊ ဆီမုန်ညင်း(၄၃.၂)တင်း၊ နှမ်း(၃.၈)တင်း နှင့်ကြက်သွန်နီ(၆)ပြည်

### သုတေသန စမ်းသပ်ကွက်

မိုးစပါးစိုက်နည်းစနစ်စမ်းသပ်ကွက်(၁)ကွက်၊ ပဲတီစိမ်း (စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှပေးသော မျိုးစေ့များဖြင့် စိုက်ပျိုးခြင်း-Department of Agriculture-DOA + Department of Agriculture Research – DAR) မျိုးယှဉ်ပြိုင်စမ်းသပ်ကွက်(၃)ကွက်နှင့် မြေပဲ (စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှပေးသော မျိုးစေ့များဖြင့် စိုက်ပျိုးခြင်း- Department of Agriculture- DOA + Department of Agriculture Research – DAR) မျိုးယှဉ်ပြိုင် စမ်းသပ်ကွက် (၂)ကွက်

### နည်းပညာပေးစံပြကွက်

မိုးစပါး (တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်း – Seeder) (၁၉၁)ကေ၊ မိုးစပါး (စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ(Good Agricultural Practice – GAP) (၅)ကေ၊ ဆောင်းမြေပဲ(၁၁၅)ကေ၊ နေကြာ(၃၁)ကေ၊ ပဲတီစိမ်း(၃၃)ကေ၊ ဘိုကိတ်(၂၉)ကေ၊ ဆီမုန်ညင်း(၁၉) ကေ၊ မတ်ပဲ (၃၅)ကေနှင့် ဟင်းသီးဟင်းရွက် (၁၀၅)ကေ

### ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်းများအား ကြီးကြပ်စစ်ဆေးခြင်း

မြေသြဇာအရောင်းဆိုင်စစ်ဆေးခြင်း(၅၁)ကြိမ်၊ပိုးသတ်ဆေးအရောင်းဆိုင်စစ်ဆေးခြင်း(၅၁)ကြိမ်၊ မျိုးစေ့အရောင်းဆိုင်စစ်ဆေးခြင်း (၂၃)ကြိမ်

### စိုက်ပျိုးပြီးစီးမှု

မိုးစပါး(၃၅၂၁၀)ကေ၊ နှမ်း(၃၅၇၉)ကေ၊ မြေပဲ(၆၂၇၅၇) ကေ၊ နေကြာ(၁၃၉၆)ကေ၊ ပဲတီစိမ်း (၁၇၈၉)ကေ၊ မတ်ပဲ (၁၅၅၉၃)ကေ၊ အစေ့ထုတ်ပြောင်း (၁၅)ကေ၊

## စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးဝန်ဆောင်မှုလုပ်ငန်း

ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြုခြင်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်ခြင်း

| | | |
|---|---|---|
| ဝန်ထမ်းစွမ်းဆောင်ရည်သင်တန်း | (၂၂) ကြိမ် | ကျား ( ၃၄၂) + မ(၁၃၉)= ၄၈၁ ဦး |
| တောင်သူပညာပေးသင်တန်း | (၆၁) ကြိမ် | ကျား (၂၂၈၄) + မ(၈၅၁)= ၃၁၃၅ ဦး |

စိုက်ပျိုးစရိတ်ချေးငွေများအား ထုတ်ချေးခြင်း

| | |
|---|---|
| မိုးချေးငွေ | (၇၈၅၄.၀၀) သန်း |
| မြေနှင့်အဆောက်အဦအာမခံယူ၍ ချေးငွေ | (၁.၂၆၀) ဘီလီယံ(လုပ်ငန်းရှင် ၃၆ဦး) |
| အငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)အစီအစဉ်ဖြင့်ချေးငွေ | (၀.၂၂၇) ဘီလီယံ(လုပ်ငန်းရှင် ၈ ဦး) |
| ဆောင်းချေးငွေ | (၁၆၂၇.၆၀၀) သန်း |

စိုက်ပျိုးရေး အသိပညာပေးခြင်း

| | |
|---|---|
| မိုးစပါးကွင်းပြပွဲ | (၁၉) ကြိမ် |
| ဆောင်းသီးနှံကွင်းပြပွဲ | ( ၃ ) ကြိမ် |
| စိုက်ပျိုးရေးနည်းပညာဆိုင်ရာပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်း | (၈၄၉၀) စောင် |

ငါး/ပုစွန် မွေးမြူရေးလုပ်ငန်းကဏ္ဍဖွံ့ဖြိုးရေးကို မြို့နယ်(၂)မြို့နယ်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းကို မြို့နယ်(၃)မြို့နယ်တို့တွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါသည်-


မင်းပြားမြို့နယ်၊ ဆိတ်ဆုံကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်း



စစ်တွေမြို့၊ ရေချမ်းပြင်ကျေးရွာအတွင်း ရွှံ့ကဏန်းမျိုးစိုက်ထည့်ပေးခြင်း

- ငါးမျိုးစိုက်ထည့်ပေးခြင်း ( ၅၀၀၀၀ ) ကောင်
- ရွှံ့ဂဏန်းမျိုးစိုက်ထည့်ပေးခြင်း ( ၅၀၀၀ ) ကောင်
- ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးမှုခွေးအကောင်ရေ ( ၁၀၀ ) ကောင်

## ဆည်မြောင်း၊ တာတမံများ ပြုပြင်တည်ဆောက်ခြင်း


ကွင်းလျားရှည် မြေသားရေလှောင်တမံကို တည်ဆောက်ခြင်း

ဥမြို့ ကွင်းလျားရှည်ကျေးရွာအနီးဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် ကွင်းလျားရှည် မြေသားရေလှောင်တမံကို တည်ဆောက်လျက်ရှိပါသည်။

အစီရင်ခံသည့်ကာလအတွင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းဖြင့် အောက်ပါတည်ဆောက်ရေးလုပ်ငန်းများကို (၁၀၀ %) ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်-

- မြေပုံမြို့နယ်၊ ပြင်င/ခူချောင်း ကျေးရွာအုပ်စုအတွင်း ပြင်ငခူကွင်းတာ တာအလျား(၃၀၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်း၊
- မြေပုံမြို့နယ်၊ ရှောက်ခြုံကျေးရွာအုပ်စုအတွင်းရှောက်ခြုံကွင်းတာ တာအလျား(၃၃၀၀)ပေ တည်ဆောက်ခြင်းလုပ်ငန်း၊
- ကျောက်ဖြူမြို့နယ်၊ တောင်ညိုမလယ်သမားတာရှိနွားချောင်းပိတ်ဆို့ခြင်းနှင့် ကျိုးပေါက် (၃)ခု ပြုပြင်ခြင်းလုပ်ငန်း၊
- အမ်းမြို့နယ်၊ကင်းခြေကျေးရွာအုပ်စုအတွင်းချောင်းဘုတ်တဖက်ပိတ်လျှို တည်ဆောက်ခြင်း လုပ်ငန်း၊


ကျောက်ဖြူမြို့နယ်၊ တောင်ညိုမှ လယ်သမားတာရှိ ကျိုးပေါက် (၃)ခု ပြုပြင်ခြင်း


အမ်းမြို့နယ်၊ ကင်းခြေကျေးရွာအုပ်စုအတွင်း ချောင်းဘုတ်တဖက်ပိတ်လျှိုတည်ဆောက်ခြင်း

ရေလမ်းကြောင်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့်-

- ကျောက်တော်မြို့နယ်၊ ကုလားတန်မြစ်၊ အပေါက်ဝရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊
- ပေါက်တောမြို့နယ်၊ ဆင်တက်မော်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊
- မင်းပြားမြို့ရေလွှဲကမ်းထိန်းနံရံပေ(၂၂၀)အားမြစ်ကမ်းမှရေလယ်ဘက်သို့ဘိုးပိုင်စိုက်ထူခြင်းလုပ်ငန်း၊
- မြောက်ဦးမြို့နယ်၊ ကန်စောက်ကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊
- သံတွဲမြို့နယ်၊ ဇီးကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊
- တောင်ကုတ်မြို့၊ လက်ပံကျွန်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊
- မာန်အောင်မြို့၊ ပြားကြီးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ရေမျက်ဝကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအား (၂-၁၂-၂၀၁၉)ရက်နေ့တွင် တင်ဒါခေါ်ယူဆောင်ရွက်ထားရှိပြီးဖြစ်ပါသည်။
- ရသေ့တောင်မြို့နယ်ရှိ မြင်းကန်ချောင်း ချောင်းဖြတ်ဖောက်ခြင်းလုပ်ငန်းမှာ တင်ဒါခေါ်ယူပြီးဖြစ်ပြီး တင်ဒါအောင်မြင်သည့်ကုမ္ပဏီဖြင့် လုပ်ငန်း လုပ်ကိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။

## သစ်တောပြုစုထိန်းသိမ်းခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း

သစ်တောပြုစုထိန်းသိမ်းခြင်းကို အောက်ပါအတိုင်းဆောင်ရွက်ခဲ့ပါသည်-


နံတော်ပြင်အခြေခံပညာ မူလတန်းကျောင်းတွင် အသိပညာပေးဟောပြောခြင်း(၂၂-၁၀-၂၀၁၉)


ကျောက်ဖြူမြို့နယ်တွင် စုပေါင်းအမှိုက်ကောက်ခြင်း (၁၆-၁၁-၂၀၁၉)


ကျောက်ဖြူမြို့နယ်တွင် ဒီရေတောပျိုးပင်များ စုပေါင်းသစ်ပင်စိုက်ပျိုးခြင်း(၄-၁၁-၂၀၁၉)

| | |
|---|---|
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ | (၄၆)ကြိမ် |
| ကွင်းဆင်းစစ်ဆေးခြင်း | (၄၀)ကြိမ် |
| စုပေါင်းအမှိုက်ကောက်ခြင်း | (၅)ကြိမ် |

ကျောက်ဖြူခရိုင်တွင် ရွှေစီမံကိန်းဖွံ့ဖြိုးရေးလုပ်ငန်းအဆင့်(၃)နှင့် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းလုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည့် လူထုတွေ့ဆုံပွဲအခမ်းအနားကို (၅-၉-၂၀၁၉)ရက်နေ့တွင် ဆောင်ရွက်ခဲ့ပါသည်။

## နိုင်ငံသားဖြစ်မှု

နိုင်ငံသားစိစစ်ရေးကတ်နှင့် NV Card ထုတ်ပေးမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

| | |
|---|---|
| အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | ၁၈ ဦး |
| အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း | ၂၈ ဦး |
| NV Card ထုတ်ပေးခြင်း | ၁၁၄၄ ဦး |
| Biometric ဆောင်ရွက်ခြင်း | ၁၃၆၄ ဦး |

## လွတ်လပ်စွာသွားလာခွင့်

ယခုအစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်မှ ရန်ကုန်မြို့သို့ ယာယီခရီးသွားလာခွင့် ပုံစံ(၄)ဖြင့် ကျား(၁၃၈)ဦး၊ မ(၁၀၄)ဦး၊ စုစုပေါင်း(၂၄၂)ဦးကို နေပြည်တော်၊ ရန်ကုန်နှင့် မကွေးတိုင်းဒေသကြီးတို့သို့ လူမှုရေး၊ ကျန်းမာရေး၊ အစည်းအဝေးနှင့် သင်တန်းကိစ္စရပ်များအတွက် အောက်ပါအတိုင်း ခရီးသွားလာခွင့်ပြုခဲ့ပါသည်-

| ပုံစံ(၄) ဖြင့် ခရီးသွားလာခွင့်ပြုခြင်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| အမျိုးသားမှတ်ပုံတင်သက်သေခံကတ် - အမတ ကိုင်ဆောင်သူ | ၇၀ | ၄၉ | ၁၁၉ |
| NVC ကိုင်ဆောင်သူ | ၆၈ | ၅၅ | ၁၂၃ |
| စုစုပေါင်း | ၁၃၈ | ၁၀၄ | ၂၄၂ |

## IDP ကိစ္စရပ်များ



IDP စခန်းများ ပိတ်သိမ်းရေးဆိုင်ရာရှင်းလင်းပွဲ (စစ်တွေမြို့)



ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာ စခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ မိတ်ဆက်အခမ်းအနား(ရွှေစံအိမ်ဟိုတယ်၊ နေပြည်တော်)

- မြေပုံမြို့ တောင်ပေါ် IDP စခန်းပိတ်သိမ်းပြီး ပြန်လည်နေရာချထားပေးနိုင်ရေးအတွက် တည်ဆောက်ခဲ့သော အိမ်အလုံး (၄၀၀)မှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ပြီး၊ အိမ်ရာ (၂၄၂)လုံးကို ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောက်လုပ်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ (၃၀%) ပြီးစီးပြီ ဖြစ်ပါသည်။
- ပြန်လည်နေရာချထားသည့် မြေပုံမြို့၊ တောင်ပေါ် IDP တန်ဖိုးနည်းအိမ်ရာများတွင် မိုးရာသီကာလအတွင်း အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် (၈ ပေ)အကျယ် မြေသားလမ်း (၇၇၂၂)ပေ ဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါသည်။
- ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာကို (၁၉-၁၁-၂၀၁၉)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး မဟာဗျူဟာမိတ်ဆက်ရှင်းလင်းခြင်းကို (၂-၁၂-၂၀၁၉)ရက်နေ့တွင် စစ်တွေမြို့၌ ပြုလုပ်ခဲ့ပါသည်။

## လူသားချင်းစာနာထောက်ထားသည့်အကူအညီများပေးနိုင်မှု



အသက်(၈၅)နှစ်
နှင့်အထက်
ဘိုးဘွားများအား
လူမှုရေးပင်စင်
ထောက်ပံ့ပေးအပ်ခြင်း




- အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်ရှိ အသက်(၈၅)နှစ်နှင့်အထက် ဘိုး/ဘွား (၁၀၄၄)ဦး အတွက် (၁)လလျှင် ကျပ်(၁၀,၀၀၀)နှုန်းဖြင့် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ်(၃၁၃.၂၃၀)သန်း ထောက်ပံ့နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။
- (၁-၉-၂၀၁၉)ရက်နေ့မှ(၃၁-၁၂-၂၀၁၉)ရက်နေ့အထိအိမ်ထောင်စု(၈၁၃)စု၊လူဦးရေ(၃၀၆၃)ဦး အတွက် လစဉ်စားနပ်ရိက္ခာထောက်ပံ့မှုစုစုပေါင်း (၁၄,၅၇၃,၉၀၀)ကျပ်နှင့် လေ့စီးဒုက္ခသည် (၂၀၀)ဦးအတွက် ကယ်ဆယ်ရေးပစ္စည်း(၅)မျိုး (ကျားလုံချည်၊ မလုံချည်၊ တီရှပ်၊ စောင် ဆပ်ပြာ) စားနပ်ရိက္ခာ(ဆန်၊ ဆီ၊ ဆား၊ ပဲ)(၁)လစာ၊ Kitchen Set (၅၈)စုံနှင့် စားစရိတ်ငွေ (၆၀၀,၀၀၀)ကျပ်တို့အား ထောက်ပံ့ပေးခဲ့ပါသည်။

### ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (World Food Programme-WFP) မှ ထောက်ပံ့မှု-

| စဉ် | လအမည်/မြို့နယ် | အကြောင်းအရာ | စားနပ်ရိက္ခာ | လူဦးရေ | တန်ဖိုး |
|---|---|---|---|---|---|
| ၁ | စက်တင်ဘာလ၊ မြို့နယ်(၁၀)မြို့နယ် | - (၅)နှစ်အောက်ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် စားနပ်ရိက္ခာ အာဟာရ ထောက်ပံ့မှု | ၃၄၇၅.၇၁၀ မက်/တန် | - | ၆၆၂.၇၄၅ သန်း |
| ၂ | အောက်တိုဘာလ -ရခိုင်ပြည်နယ်၊ မြောက်ပိုင်း -(ဘူးသီးတောင်၊ မောင်တော) | - အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှု<br>- မွတ်စလင်၊ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူ ကျေးရွာ(၁၇၆)ရွာတို့မှ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာထောက်ပံ့မှု | -<br>- | ၂၀၀၀<br>၉၇၄၀၀ | -<br>- |

| စဉ် | လအမည်/မြို့နယ် | အကြောင်းအရာ | စားနပ်ရိက္ခာ | လူဦးရေ | တန်ဖိုး |
|---|---|---|---|---|---|
| | -(ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ) | - တိုက်ပွဲရှောင်သူများအား စားနပ်ရိက္ခာ ထောက်ပံ့မှု | - | ၃၅၀၀ | - |
| ၃ | **နိုဝင်ဘာလ**<br>-ရခိုင်ပြည်နယ်၊ မြောက်ပိုင်း | - အရေးပေါ်စားနပ်ရိက္ခာထောက်ပံ့မှု | - | ၈၃၀ | - |
| | -(ဘူးသီးတောင်၊ မောင်တော) | - မွတ်စလင်၊ ဗုဒ္ဓဘာသာဝင်နှင့် ဟိန္ဒူ ကျေးရွာ(၁၈၇)ရွာတို့မှ နေရပ်စွန့်ခွာသူများအား စားနပ်ရိက္ခာထောက်ပံ့မှု | - | ၁၀၇၆၀၀ | - |
| | -(ကျောက်တော်၊ မင်းပြား၊ မြေပုံ၊ ပေါက်တော၊ စစ်တွေ) | - တိုက်ပွဲရှောင်သူများအား စားနပ်ရိက္ခာ ထောက်ပံ့မှု | - | ၄၅၀၀ | - |

## သတင်းယူခွင့်

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်းသည့် သတင်း ဖော်ပြမှု-

| ဆောင်ရွက်မှု | ကြိမ်ရေ | ဆောင်ရွက်မှု | ကြိမ်ရေ |
|---|---|---|---|
| မြန်မာ့ရုပ်မြင်သံကြားမှ သတင်းထုတ်လွှင့်မှု | ၇၃ | သတင်းထုတ်ပြန်ချက် | ၁ |
| ရေဒီယိုအစီအစဉ်မှ သတင်းထုတ်လွှင့်မှု | ၁၅၄၈ | အစီရင်ခံစာ | ၂ |
| အသိပညာပေးထုတ်လွှင့်မှု | ၂၈၀ | Website တွင် ဓာတ်ပုံဖော်ပြမှု | ၁၀၁ |
| Public Service Announcement | ၃၀၄ | နေ့စဉ်ထုတ်သတင်းစာများတွင် ညှိနှိုင်းအစည်းအဝေးဖော်ပြမှုသတင်း | ၁၀၆ |
| ဗီဒီယို | ၄ | ညှိနှိုင်းအစည်းအဝေးဖော်ပြမှုသတင်းဓာတ်ပုံ | ၁၁၇ |
| မိန့်ခွန်း | ၂ | သတင်းထုတ်ပြန်မှု | ၂၆၂ |
| ကြေညာချက် | ၄ | သတင်းထုတ်ပြန်မှုဓာတ်ပုံ | ၂၃၉ |

- ယခုအစီရင်ခံသည့်ကာလအတွင်း လိုက်ပါသတင်းရယူမည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ အဖွဲ့များမရှိ၍ ရခိုင်ပြည်နယ်သို့ သွားရောက်သတင်းရယူမှု ခရီးစဉ် ဆောင်ရွက်ပေးရခြင်းမရှိပါ။

## ပညာရေး

ရခိုင်ပြည်နယ်တွင်ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းများအပါအဝင် စာသင်ကျောင်းများကို အောက်ပါ အတိုင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပါသည်-

| စဉ် | စာသင်ကျောင်းများ | အရေအတွက် |
|---|---|---|
| ၁ | အခြေခံပညာအထက်တန်းအဆင့်သင် | ၃၉၈ ကျောင်း |
| ၂ | အလယ်တန်းအဆင့်သင် | ၁၂၃၀ ကျောင်း |
| ၃ | မူလတန်းဆင့်သင် | ၁၆၅၇ ကျောင်း |

## Learning Together Programme ဖြင့် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့်–

| မြို့နယ် | ဆောင်ရွက်မှုလုပ်ငန်း |
|---|---|
| ရသေ့တောင်၊ မြောက်ဦး၊ မင်းပြား၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ အမ်း၊ သံတွဲနှင့် တောင်ကုတ်မြို့နယ် | – ရွှေ့လျားစာကြည့်တိုက်များဖြင့် စာအုပ်များပံ့ပိုးပေးခြင်း၊<br>–အားကစားပစ္စည်းများ ထောက်ပံ့ပေးခြင်းနှင့် အားကစားကွင်းများတည်ဆောက်ပေးခြင်း၊ ရေနှင့်မိလ္လာစနစ်နှင့် (WASH) လုပ်ငန်းများအတွက် ထောက်ပံ့ပေးခြင်း၊<br>–ကျောင်းပြင်ပရောက် ကလေးငယ်များ ကျောင်းပြန်လည်ဝင်ရောက်လာအောင် ထောက်ပံ့ကူညီပေးခြင်း၊<br>– လူ့အဖွဲ့အစည်းများအကြားအတူယှဉ်တွဲနေထိုင်တတ် စေရန် ရည်ရွယ်၍ အခြေခံပညာကျောင်း (၁၆၃)ကျောင်းတွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း |

- IDP စခန်းများမှ Volunteer ဆရာ၊ ဆရာမ (၄၉၇)ဦးအား လစာငွေထုတ်ပေးလျက်ရှိရာ ယခုအစီရင်ခံသည့်ကာလတွင် ဆရာ၊ ဆရာမ (၉၇)ဦးအား ထပ်မံ၍ လစာငွေထုတ်ပေးလျက်ရှိသဖြင့် Volunteer ဆရာ၊ ဆရာမ စုစုပေါင်း (၅၉၄)ဦးအား လစာငွေများ ပံ့ပိုးပေးလျက်ရှိပါသည်။
- ဒိန်းမတ်လူမှုရေးအဖွဲ့အစည်း(DRC)သည် စီမံချက်မြို့နယ်(၅)မြို့နယ်တွင် သင်တန်းအမျိုးအစား (၂၄)မျိုးနှင့် အကူအညီပေးရေးလုပ်ငန်းများကို မြန်မာ၀န်ထမ်းများအပြင် နိုင်ငံခြားသား၀န်ထမ်းများပါ စစ်တွေနှင့်ပေါက်တောမြို့နယ်များသို့ ခရီးသွားလာ၍ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး စုစုပေါင်းသုံးစွဲငွေမှာ အမေရိကန်ဒေါ်လာ(၆၂၅,၅၁၇)ဖြစ်ပါသည်။
- ရခိုင်ပြည်နယ်မှ ကျောင်းသား/သူများကို ပညာသင်ထောက်ပံ့ကြေး ဆုချီးမြှင့်ရေးအစီအစဉ်နှင့် စပ်လျဥ်း၍နော်ဝေနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့မှ ပညာသင်ဆု(၁၀၀)ဆုနှင့် ကွဲပြားခြားနားမှုနှင့် အမျိုးသားရေး သဟဇာတဖြစ်မှုဆိုင်ရာ လေ့လာရေးအဖွဲ့ (Center for Diversity and National Harmony– CDNH)မှ ၎င်းတို့ရရှိမည့် overhead cost ဖြင့် ထပ်မံ၍(၆)ဆု စုစုပေါင်း (၁၀၆)ဆုတို့အတွက် ပညာသင်ထောက်ပံ့ကြေးအနေဖြင့် လစဉ်အမေရိကန်ဒေါ်လာ(၂၀၀) (မြန်မာငွေကျပ် ၃၀၀,၀၀၀/–)ကို ပေးအပ်မည်ဖြစ်ပါသည်။

## တက္ကသိုလ်/ကောလိပ်များ တည်ဆောက်ပြုပြင်မှု

| စဉ် | ဆောက်လုပ်ပြီးစီးမှုလုပ်ငန်း | ရာခိုင်နှုန်း |
|---|---|---|
| ၁ | စစ်တွေတက္ကသိုလ် သုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း | ၉၀% |
| ၂ | စစ်တွေတက္ကသိုလ် မီတာ(၄၀၀)ပြေးလမ်းနှင့် ရေနုတ်မြောင်းပါ ဘောလုံးကွင်း ဆောက်လုပ်ခြင်းလုပ်ငန်း | ၁၀၀% |
| ၃ | နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် သုံးထပ် စာသင်ဆောင်ဆောက်လုပ်မှုလုပ်ငန်း | ၁၀၀% |
| ၄ | တောင်ကုတ်ဒီဂရီကောလိပ်တွင် သုံးထပ်စာသင်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း၊ | ၁၀၀% |
| ၅ | တောင်ကုတ်ဒီဂရီကောလိပ် (၄)ခန်းတွဲ (၄)ထပ်ဆရာ၊ ဆရာမနေအိမ် ဆောက်လုပ်ခြင်းလုပ်ငန်း၊ | ၁၀၀% |
| ၆ | တောင်ကုတ်ဒီဂရီကောလိပ် (၇)ခန်းတွဲ စားသောက်ဆိုင် ဆောက်လုပ်ခြင်းလုပ်ငန်း | ၁၀၀% |

# ကျန်းမာရေး

## ကျန်းမာရေးဝန်ထမ်းများခန့်အပ်ထားရှိမှု



- ရခိုင်ပြည်နယ်တွင် ကျေးလက်ကျန်းမာရေးဌာန (၁၂၉)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၅၈၂)ခု၊ နယ်စပ်ဆေးပေးခန်း(၁)ခုရှိပြီး ကျေးရွာအုပ်စုများ၌ သားဖွားဆရာမ (၈၃၁)ဦး ခန့်အပ်ထားရှိပါသည်။
- အထူးကုဆရာဝန် (၁၃)ဦးနှင့် လက်ထောက်ဆရာဝန် (၁၀)ဦးတို့အား ရခိုင်ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ချထားခဲ့ပါသည်။
- သစ်လွင်သူနာပြု(၄၂) ဦးခန့်ထားပေးခဲ့ပြီး အခြားတိုင်းဒေသကြီး/ ပြည်နယ်များမှ အထက်တန်းသူနာပြု(၇)ဦးနှင့် ရခိုင်ပြည်နယ်အတွင်းမှ အထက်တန်းသူနာပြု (၈)ဦး၊ စုစုပေါင်းအထက်တန်းသူနာပြု (၁၅)ဦးအား သူနာပြုဆရာမကြီးအဖြစ် ရာထူးတိုးမြှင့်ခန့်ထား၍ ရခိုင်ပြည်နယ်တွင် တာဝန်ပေးခဲ့ပါသည်။

## မွေးကင်းစကလေးများ မှတ်ပုံတင်ရေးအတွက် အထောက်အကူပြုနိုင်ရေးဆောင်ရွက်မှု

ရခိုင်ပြည်နယ်အတွင်း အထူးအစီအစဉ်အနေဖြင့် အဖွဲ့ဝင်(၅)ဦးပါဝင်သည့် မွေးစာရင်း ထုတ်ပေးရေးဗဟိုကွင်းဆင်းအဖွဲ့မှ မွေးစာရင်းမရှိသေးသော သတ်မှတ်ချက်နှင့်ကိုက်ညီသည့် အသက်(၁၀)နှစ်အောက်ကလေးများအား မွေးစာရင်းထုတ်ပေးခြင်းလုပ်ငန်းကို (၉-၁၂-၂၀၁၉)ရက်နေ့မှစတင်၍ စစ်တွေမြို့နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့ရာ(၃၁-၁၂-၂၀၁၉)နေ့အထိ ကလေး(၂၅၄၉)ဦးအား မွေးစာရင်းထုတ်ပေးပြီး ဖြစ်ပါသည်-

| စဉ် | လူမျိုး | မွေးစာရင်းထုတ်ပေးသည့် အရေအတွက် | | |
|---|---|---|---|---|
| | | ကျား | မ | စုစုပေါင်း |
| ၁ | မွတ်စလင် | ၁၂၇၇ | ၁၁၆၆ | ၂၄၄၃ |
| ၂ | ကမန် | ၃၆ | ၄၄ | ၈၀ |
| ၃ | အခြား | ၁၁ | ၁၅ | ၂၆ |
| | စုစုပေါင်း | | | ၂၅၄၉ |

## ကျန်းမာရေးစောင့်ရှောက်ပေးနိုင်မှုအခြေအနေ(ဆေးကုသပေးမှု)



ရွေ့လျား
ဆေးအဖွဲ့များ
ဆေးခန်းဖွင့်လှစ်
ကုသပေးခြင်း






မြန်မာ–ထိုင်း နှစ်နိုင်ငံ ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ဖြင့် စစ်တွေမြို့နယ်ရှိ ကျေးရွာများနှင့် IDPs စခန်းများတွင် ဒုတိယအကြိမ်နှင့် တတိယအကြိမ် လူနာ(၁၇၁၂)ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပါသည်။



## အစီရင်ခံသည့်ကာလအတွင်း ရခိုင်ပြည်နယ်တွင် စုစုပေါင်းလူနာ(၁၄၁၈၁၀)ဦး ဆေးကုသပေးနိုင်ခြင်း




## ကျန်းမာရေးဝန်ထမ်းများသင်တန်းပေးမှုအခြေအနေ

| စဉ် | သင်တန်းအမည် | တိုင်းရင်းသား ဦးရေ | မွတ်စလင် ဦးရေ | စုစုပေါင်း ဦးရေ |
|---|---|---|---|---|
| ၁ | အရန်သားဖွား (သစ်လွင်) | ၁၈ | - | ၁၈ |
| ၂ | အရန်သားဖွား (မွမ်းမံ) | ၁၁၄ | - | ၁၁၄ |
| ၃ | လူထုကျန်းမာရေးလုပ်သား (သစ်လွင်) | ၇၄ | ၁၈ | ၉၂ |
| ၄ | လူထုကျန်းမာရေးလုပ်သား (မွမ်းမံ) | ၁၂၄ | ၆၂ | ၁၈၆ |
| | စုစုပေါင်း | ၃၃၀ | ၈၀ | ၄၁၀ |

မြို့နယ်အဆင့်လူထုအတွင်း(၂)နှစ်အောက်ကလေးသူငယ်များ အစာကျွေးမွေးခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးခြင်းသင်တန်းပို့ချခဲ့မှု-

| စဉ် | မြို့နယ် | ကြိမ်ရေ | လအမည် | သင်တန်းဦးရေ |
|---|---|---|---|---|
| ၁ | တောင်ကုတ် | (၁)ကြိမ် | စက်တင်ဘာ | ၁၁၆ |
| ၂ | မြောက်ဦး | (၂)ကြိမ် | နိုဝင်ဘာ | ၁၀၂ |
| ၃ | မာန်အောင် | (၂)ကြိမ် | ဒီဇင်ဘာ | ၁၀၄ |
| ၄ | ဘူးသီးတောင် | (၂)ကြိမ် | ဒီဇင်ဘာ | ၈၉ |
| ၅ | ပုဏ္ဏားကျွန်း | (၂)ကြိမ် | ဒီဇင်ဘာ | ၇၆ |


## ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်း



ကာကွယ်ဆေးထိုး
လုပ်ငန်းဆောင်ရွက်မှု
(၂၅-၁၀-၂၀၁၉)
ရက်နေ့မှ
(၂၉-၁၀-၂၀၁၉)
ရက်နေ့အထိ



ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့် ပြည်တွင်း၊ ပြည်ပစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွှမ်းခြုံမှုရာခိုင်နှုန်းပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ အစီရင်ခံသည့်ကာလအတွင်း (၁)နှစ်အောက်ကလေးဦးရေ (၅၇၂၅၇)ဦးနှင့် ကိုယ်ဝန်ဆောင်ဦးရေ (၂၈၄၈၁)ဦးတို့အား ကာကွယ်ဆေးများထိုးနှံပေးခဲ့ပါသည်။



## ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများ



စစ်တွေဆေးရုံကြီး တိုးချဲ့ လေးထပ်ဆောင် ဆောက်လုပ်ပြီးစီးခြင်း

စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီး တိုးချဲ့(၄)ထပ် လူနာဆောင်သစ် ဆောက်လုပ်ခြင်းနှင့် (၈)ခန်းတွဲ(၄)ထပ်ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်းသည် (၁၀၀ %) ပြီးစီးပြီဖြစ်ပါသည်။



စစ်တွေဆေးရုံကြီး (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးခြင်း




စစ်တွေဆေးရုံကြီး တိုးချဲ့ လေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားကျင်းပခြင်း

စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီး တိုးချဲ့(၄)ထပ် လူနာဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို (၂၅-၁၁-၂၀၁၉)ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပါသည်။



စစ်တွေဆေးရုံကြီး တိုးချဲ့ လေးထပ်ဆောင်ဖွင့်ပွဲအခမ်းအနားဖွင့်လှစ်ခြင်း




မြောက်ဦးမြို့နယ်၊ မြောင်းဘွေတိုက်နယ်ဆေးရုံအား လွှဲပြောင်းပေးအပ်ခြင်း

အင်ဒိုနီးရှားနိုင်ငံမှ ထောက်ပံ့ကူညီမှုဖြင့် တည်ဆောက်ခဲ့သည့် မြောက်ဦးမြို့နယ်၊ မြောင်းဘွေတိုက်နယ်ဆေးရုံ၏ တရားဝင်စာရွက်စာတမ်းများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၀) ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။



အင်ဒိုနီးရှားနိုင်ငံမှ ထောက်ပံ့ကူညီမှုဖြင့် တည်ဆောက်ခဲ့သည့် မြောင်းဘွေတိုက်နယ်ဆေးရုံ အဆောက်အဦ



သက္ကေပြင်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ရာနှုန်းပြည့်ပြီးစီးခြင်း



| | |
|---|---|
| စစ်တွေမြို့သက္ကေပြင်(၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတည်ဆောက်မှု | ၁၀၀ % ပြီးစီး၊ ပရိဘောဂ၊ ဆေးဝါး၊ ဆေးပစ္စည်းများနှင့် စက်ပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ဆဲဖြစ်ပါသည်။ |
| စစ်တွေအထွေထွေရောဂါကုဆေးရုံကြီး | မိခင်နှင့်ကလေးကုသဆောင်(၃)ထပ်အဆောက်အဦ၊ ဆရာဝန်၊ သူနာပြုများ နေအိမ်ဆောက်လုပ်ရန်၊ ရင်ခွဲရုံအား ပြုပြင်မှုများဆောင်ရွက်ရန်ဖြစ်ပါသည်။ |
| မောင်တောမြို့ သွေးလှူဘဏ်ငယ် | လျှပ်စစ်ထရန်စဖော်မာတပ်ဆင်ပြီးပါက လည်ပတ်နိုင်မည်ဖြစ်ပါသည်။ |



သွေးလှူဘဏ်ငယ်အတွက် လိုအပ်သော စက်ပစ္စည်းများ ထောက်ပံ့ခြင်း



## မူးယစ်ဆေးဝါးများ

**အစီရင်ခံသည့်ကာလအတွင်း-**

- မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးဟောပြောမှု (၅၆၀)ကြိမ်ကို ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူလူထု (၄၂၃၂၆)ဦးအား ဟောပြောနိုင်ခဲ့ပါသည်။
- မူးယစ်ဆေးဝါးအမှုပေါင်း (၈၆)မှု၊ တရားခံကျား(၉၁)ဦး + မ (၂၂)ဦး စုစုပေါင်း(၁၁၃)ဦး အရေးယူနိုင်ခဲ့ပြီး၊ တန်ဖိုးငွေကျပ် သိန်း(၁၄၃၄၄၁.၉၃၇၅) ရှိ မူးယစ်ဆေးဝါးများကို ဖမ်းဆီးရရှိခဲ့ပါသည်။

## နိုင်ငံရေးကဏ္ဍနှင့် လူ့အဖွဲ့အစည်းများတွင် ကိုယ်တိုင်ပါဝင်မှုနှင့် ကိုယ်စားပြုမှု



ကျောက်ဖြူမြို့၊လူငယ်ကျွမ်းကျင်မှုသင်တန်း ပူပေါင်းဆောင်ရွက်ရေးစီမံကိန်း လူငယ်စင်တာကို(၉-၉-၂၀၁၉)ရက်နေ့တွင် ကျောက်ဖြူမြို့နယ်တွင် ဖွင့်လှစ်ခဲ့ပြီး အင်္ဂလိပ်စာနှင့် အိမ်တွင်းလျှပ်စစ်သင်တန်းများကို သင်ကြားပေးခဲ့ပါသည်။

## လူ့အဖွဲ့အစည်းများအကြားပေါင်းစည်းရေး



ကျောက်ဖြူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမတွင်“လူငယ်နှင့်တိုးတက်ရေး” ခေါင်းစဉ်ဖြင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကို(၂-၉-၂၀၁၉)ရက်နေ့တွင် ပြုလုပ်ခဲ့ပါသည်။

## လုံခြုံရေးကဏ္ဍ

**အစီရင်ခံသည့်ကာလအတွင်း အောက်ပါအတိုင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်-**





- ရဲတပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြင့်မားစေရန် လုပ်ငန်းခွင်ဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း (၁၈)ကြိမ် ဖွင့်လှစ်၍ အရာရှိ(၁၁)ဦး၊ အမှုထမ်း(၁၂၄၀)ဦး၊ မှီခိုသူရဲမေ(၄၀၂)ဦးတို့အား လေ့ကျင့်ပေးခဲ့ပါသည်။
- ပဲပဒိုစစ်ဆေးရေးဂိတ်တွင် CCTV Camera (၄)လုံးအား (၁၇-၈-၂၀၁၉)ရက်နေ့တွင်လည်းကောင်း၊ ကန်မြင့်ကန်စစ်ဆေးရေးဂိတ်တွင် CCTV Camera (၄)လုံးအား (၂၄-၈-၂၀၁၉)ရက်နေ့တွင် လည်းကောင်း တပ်ဆင်အသုံးပြုလျက်ရှိပြီး၊ စုစုပေါင်း CCTV Camera (၁၇၃)လုံးတပ်ဆင် အသုံးပြုလျက်ရှိပါသည်။

## နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ခြင်း

နှစ်နိုင်ငံလုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ ရေပြင်ကင်းလှည့်ခြင်း(၂၂)ကြိမ် ဆောင်ရွက်ခဲ့ပါသည်။

## တရားမျှတမှုရရှိရေး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်(ရုံးချုပ်)သို့ ရခိုင်ပြည်နယ်မှ ပေးပို့တိုင်ကြားလာသည့် တိုင်ကြားချက်(၁၀)စောင်နှင့် စစ်တွေရုံးခွဲသို့ ပေးပို့လာသည့် တိုင်ကြားချက်(၆)စောင်အား လက်ခံရရှိခဲ့ပြီး ၎င်းတို့မှ တိုင်ကြားချက်(၆)စောင်ကို ကော်မရှင်ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ပြီး (၁၀)စောင်ကို မှတ်တမ်းအဖြစ်ထားရှိခဲ့ပါသည်။ စစ်တွေမြို့ရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယာယီရုံးခန်းဖွင့်လှစ်၍ ဦးစီးအရာရှိ(၁)ဦး ဦးဆောင်သော ကော်မရှင်ရုံးခွဲဝန်ထမ်း(၃)ဦးဖြင့် တိုင်းကြားချက်များအား လက်ခံဆောင်ရွက်လျက်ရှိပါသည်။

## ယဉ်ကျေးမှုဆိုင်ရာဖွံ့ဖြိုးမှု

ရခိုင်ပြည်နယ်၊ မြောက်ဦးဒေသအား UNESCO ၏ ကမ္ဘာ့အမွေအနှစ်တစ်ခုအဖြစ် သတ်မှတ်ပေးနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုများအား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-


အဆိုပြုစာတွဲ(Nomination Dossier) မူကြမ်းအား ပြင်ဆင်ဖြည့်စွက်နိုင်ရေးညှိနှိုင်းအစည်းအဝေး (၇-၉-၂၀၁၉)ရက်နေ့မှ(၈-၉-၂၀၁၉)ရက်နေ့အထိ


အီတလီနိုင်ငံ၊ Italian Agency for International Cooperation (AICS)မှ ပညာရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှု (၂၅-၁၀-၂၀၁၉)ရက်နေ့


အီတလီနိုင်ငံ၊ Italian Agency for International Cooperation (AICS)မှ ပညာရှင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးမှု (၁၉-၁၁-၂၀၁၉)ရက်နေ့

| | | |
|---|---|---|
| ယဉ်ကျေးမှုအမွေအနှစ်ပညာပေးရေး ဆပ်ကော်မတီ | ➡ | အသိပညာပေးဟောပြောပွဲ (၅)ကြိမ် |
| ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ | ➡ | သက္ကျမာရ်အောင်စေတီတော်၊ အရှေ့မြတန်ဆောင်းစေတီတော်၊ ပန်းဖဲချောင်းဘုန်းတော်ကြီးကျောင်းတို့အား ပြုပြင်ထိန်းသိမ်းမွမ်းမံခြင်း |

| | |
|---|---|
| တူးဖော်ရေးလုပ်ငန်းအဖွဲ့ | မြောက်ဦးနန်းတော်ရာကုန်းတူးဖော်မှုမှ ရရှိသောပစ္စည်းများအား ပုံထုတ်ရေးဆွဲခြင်း၊ ကျောက်အကျိုးအပဲ့များအားဖယ်ရှားစုပုံခြင်း၊ သယ်ယူရွှေ့ပြောင်းခြင်းနှင့် ရေတွင်း(၅)တွင်းပြန်လည်မွမ်းမံခြင်း၊ အမိုးပြုလုပ်ခြင်း၊ |
| ရှေးဟောင်းပစ္စည်းများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီ | ကွင်းဆင်းအချက်အလက်များအား အစီရင်ခံစာ ရေးသားခြင်း၊ ပစ္စည်းများမှတ်တမ်းတင်ခြင်း၊ မဟာမုနိပြတိုက်ခင်းကျင်းခြင်း၊ |
| ရှေးဟောင်းအဆောက်အအုံများ မှတ်တမ်းပြုစုရေးဆပ်ကော်မတီ | Inventory မှ ကောက်ယူထားသော ရှေးဟောင်းအဆောက်အအုံများအား ပုံထုတ်ရေးဆွဲခြင်း၊ နံပါတ်စာပါသော ကျောက်တိုင်များ စိုက်ထူခြင်း၊ |
| ညှိနှိုင်းဆွေးနွေးပွဲများ | (၉)ကြိမ် |
| အဆိုပြုစာတွဲ(Nomination Dossier) မူကြမ်း | (၂၇-၉-၂၀၁၉)ရက်နေ့တွင် UNESCO ရုံးသို့ ပေးပို့ခြင်း |

## နယ်စပ်ဆိုင်ရာကိစ္စရပ်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့်ဆက်ဆံရေး

တွေ့ဆုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ

- အဖွဲ့ဝင်(၉)ဦးပါဝင်သော အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များပါဝင်သည့် ASEAN-ERAT မှ အဖွဲ့ဝင်(၆)ဦး လိုက်ပါလျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကော့ခ်ဘဇားရှိ ကူတူပါလောင်၊ တိုးချဲ့စခန်း အမှတ်(၄)သို့ (၁၈-၁၂-၂၀၁၉)ရက်နေ့နှင့် (၁၉-၁၂-၂၀၁၉)ရက်နေ့များတွင် သွားရောက်၍ နေရပ်စွန့်ခွာသွားသူများနှင့် တွေ့ဆုံခဲ့ပြီး၊ NVC နှင့် နိုင်ငံသားဖြစ်ခွင့်လျှောက်ထားခြင်း၊ UNDP/UNHCR တို့က Quick Impact Projects (QIPs) ဖော်ဆောင်နေသည့် ကိစ္စရပ်များ၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု၊နေရပ်စွန့်ခွာသူစခန်းများ ပိတ်သိမ်းမှု စသည့် ကိစ္စရပ်များအပါအဝင် ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရကဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။
- (၄-၉-၂၀၁၉)ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးမှု (၁)ကြိမ်ပြုလုပ်ခဲ့ပါသည်။
- (၁၄-၁၀-၂၀၁၉)ရက်နေ့တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ နှစ်နိုင်ငံကွပ်ကဲရေးမှူးအဆင့် တွေ့ဆုံ ဆွေးနွေးမှု (၁)ကြိမ် ပြုလုပ်ခဲ့ပါသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နိုင်ငံကြား ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| | ယခင်နှစ် | ယခုနှစ် |
|---|---|---|
| စစ်တွေ ကုန်သွယ်ရေး စခန်း | (၁၀-၈-၂၀၁၈)ရက်နေ့မှ (၁၃-၁၂-၂၀၁၈)ရက်နေ့ထိ အမေရိကန်ဒေါ်လာ(၂၀၇.၉၄၈)သန်း | (၁၀-၈-၂၀၁၉)ရက်နေ့မှ (၁၃-၁၂-၂၀၁၉)ရက်နေ့ထိ အမေရိကန်ဒေါ်လာ (၈.၀၄၄)သန်း |
| မောင်တော ကုန်သွယ်ရေး စခန်း | (၁၀-၈-၂၀၁၈)ရက်နေ့မှ (၁၃-၁၂-၂၀၁၈)ရက်နေ့ထိ အမေရိကန်ဒေါ်လာ(၂.၈၂၉)သန်း | (၁၀-၈-၂၀၁၉)ရက်နေ့မှ (၁၃-၁၂-၂၀၁၉)ရက်နေ့ထိ အမေရိကန်ဒေါ်လာ(၄.၅၃၈)သန်း |

# ဒေသတွင်းနိုင်ငံများနှင့်ဆက်ဆံရေး

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည်-



ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းအား လက်ခံတွေ့ဆုံခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှမ်းအား လက်ခံတွေ့ဆုံခြင်း



အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံခြင်း

- (၃-၉-၂၀၁၉)ရက်နေ့တွင် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာမွန်ဂျေအင်းဦးဆောင်သော အဖွဲ့အားလည်းကောင်း၊
- (၁၃-၉-၂၀၁၉)ရက်နေ့နှင့် (၇-၁၁-၂၀၁၉)ရက်နေ့တို့တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာစွန်းဂေါ်ရှန်းအားလည်းကောင်း၊
- (၄-၁၀-၂၀၁၉)ရက်နေ့တွင် အာဆီယံအတွင်းရေးမှူးချုပ် ဒါတိုလင်ကျောက်ဟွိုင် ဦးဆောင်သော အဖွဲ့အားလည်းကောင်း၊
- (၁၇-၁၂-၂၀၁၉)ရက်နေ့တွင် ဗီယက်နမ်ဝန်ကြီးချုပ် မစ္စတာငုယင်စွမ်းဖုတို့အားလည်းကောင်း၊
- (၂၃-၁၂-၂၀၁၉)ရက်နေ့တွင် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်နှင့် ညွန့်ပေါင်းအစိုးရအဖွဲ့မှ Komeito ပါတီ၏ Chief Representative ဖြစ်သူ Mr. Yamaguchi Natsuo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အားလည်းကောင်းအသီးသီးလက်ခံတွေ့ဆုံပြီး ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ အစိုးရ၏ဆောင်ရွက်နေမှုများ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ IDP စခန်း ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပါသည်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ပခရီးစဉ်များအတွင်း –



(၂၂)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးတက်ရောက်ခြင်း



ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr.Dmitry Medvedev နှင့် တွေ့ဆုံခြင်း






အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် Mr. Narendra Modi နှင့် တွေ့ဆုံခြင်း



National Security Advisor of the United States of America,Mr. Robert C.O' Brien နှင့် တွေ့ဆုံခြင်း



အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့အကြီးအကဲ Ms. Kristalina Georgieva နှင့် တွေ့ဆုံခြင်း

- ဗန်ကောက် Impact Exhibition and Convention Center ၌ ကျင်းပသည့် (၃၅)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်သည့် ကာလတွင် (၃-၁၁-၂၀၁၉)ရက်နေ့၌ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေ အဖွဲ့အကြီးအကဲ Ms. Kristalina Georgieva နှင့် အိန္ဒိယဝန်ကြီးချုပ် Mr. Narendra Modi ၊ (၄-၁၁-၂၀၁၉) ရက်နေ့တွင် ရုရှားသမ္မတနိုင်ငံဝန်ကြီးချုပ် Mr.Dmitry Medvedev နှင့် National Security Advisor of the United States of America , Mr. Robert C.O' Brien တို့အား သီးခြားစီ တွေ့ဆုံရာ၌ ရခိုင်ပြည်နယ်အရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ချက်များ၊ ဖြစ်ပေါ်တိုးတက်မှုများ IDP စခန်းပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



Mainichi သတင်းဌာန၏ မေးမြန်းမှု ဖြေကြားခြင်း



The Nikkei Asian Review သတင်းဌာန၏ မေးမြန်းမှု ဖြေကြားခြင်း




အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး တက်ရောက်ခြင်း

- ဂျပန်ဧကရာဇ် Naruhito ၏ နန်းတက်ပွဲသို့ တက်ရောက်ရန် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိစဉ်တွင် The Nikkei Asian Review သတင်းဌာနမှ အယ်ဒီတာချုပ် Tetsuya Lguchi ၏ မေတ္တာရပ်ခံချက်အရ (၂၃-၁၀-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မေးမြန်းမှုများကို ဖြေကြားခဲ့ပါသည်။
- ကိုရီးယားသမ္မတနိုင်ငံ၊ ဘူဆန်မြို့၌ (၂၅-၁၁-၂၀၁၉)ရက်နေ့မှ (၂၇-၁၁-၂၀၁၉)ရက်နေ့အထိ ကျင်းပသည့် အာဆီယံ-ကိုရီးယား ဆွေးနွေးဖက်ဆက်ဆံရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် ထိပ်သီးအစည်းအဝေးနှင့် ပထမအကြိမ် မဲခေါင်-ကိုရီးယားထိပ်သီးအစည်းအဝေးတက်ရောက်ခဲ့ရာတွင် ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတွင် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ဖွင့်လှစ်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။

အစီရင်ခံသည့်ကာလအတွင်း သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် နိုင်ငံတကာအစိုးရများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံရာတွင်လည်းကောင်း၊ နိုင်ငံတကာတွင် ပြုလုပ်ကျင်းပခဲ့သည့် အစည်းအဝေးများတွင်လည်းကောင်း၊ အစိုးရ၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေများ၊ IDP စခန်း ပိတ်သိမ်းရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါသည်။

**ရခိုင်ပြည်နယ်ခရီးစဉ်များနှင့်စပ်လျဉ်း၍-**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ် Ms.Christine Schraner Burgener ဦးဆောင်သည့်အဖွဲ့သည် (၁၉-၁၁-၂၀၁၉)ရက်နေ့တွင် အမြန်ရေယာဉ်ဖြင့် စစ်တွေမြို့မှ ပေါက်တောမြို့နယ်၊ ဆင်တက်မော် IDP Camp သို့သွားရောက်ပြီး Camp အတွင်း နေထိုင်သူများနှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏လက်ရှိစားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ထောက်ပံ့ဆောင်ရွက်ပေးမှု အခြေအနေများ၊ လတ်တလောကြုံတွေ့နေရသည့်အခက်အခဲများနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ပါသည်။

## ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှု

အစီရင်ခံသည့်ကာလအတွင်း ကော်မရှင်၏အကြံပြုချက်များအား အကောင်အထည်ဖော် ဆောင်ရွက်မှုများကို အောက်ပါအတိုင်းတင်ပြအပ်ပါသည်-





ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်
အကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီ၏
(၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး
(၁၈-၁၁-၂၀၁၉)









- ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ ရခိုင်ပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို (၉-၁၀-၂၀၁၉) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။
- (၁၈-၁၁-၂၀၁၉)ရက်နေ့တွင် ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ (၂၀)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ပါသည်။
- ကော်မတီစတင်ဖွဲ့စည်းသည့် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လအထိလုပ်ငန်းဆောင်ရွက်မှုများကို အစီရင်ခံစာ (၅)ကြိမ်ဖြင့် တင်ပြနိုင်ခဲ့ပြီး၊ ယခုအစီရင်ခံစာတွင် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ (၄)လတာကာလအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ဆဋ္ဌမအကြိမ်မြောက် ပြည်သူသို့ တင်ပြခြင်းဖြစ်ပါသည်။